**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

AAPP

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

# လစဉ်သတင်းလွှာ မေလ ၂၀၁၇



ပြည်မြို့၊စိန်ပေါ် ကက်သလစ်ဘုရားကျောင်းတွင် လူ့အခွင့်အရေး ဆိုင်ရာ ဟောပြော၊ပို့ချ

## လူ့အခွင့်အရေးဆိုင်ရာဟောပြောဆွေးနွေးပွဲများပို့ချပေးခြင်း

### လူ့အခွင့် အရေးဆိုင်ရာဟောပြော၊ ဆွေးနွေးပွဲ ခုနစ်ပွဲအား လူထု တွင်းတွင် ပို့ချပေးခြင်း

မေလတွင်းတွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP) မှ လူ့အခွင့်အရေးဆိုင်ရာ ဟောပြောဆွေးနွေး ပွဲ ပေါင်း ခုနစ်ပွဲကို ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်နှင့် မွန်ပြည်နယ်၊ သထုံမြို့နယ်တို့၌ ဆက်လက် ပို့ချပေးခဲ့သည်။

မေလ ၈ ရက်နေ့၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ စိန်ပေါ် ကက်သလစ် ဘုရားကျောင်းတွင် ဟောပြောဆွေးနွေးပွဲ တစ်ပွဲကို ပို့ချပေး ခဲ့သည်။ ဟောပြောဆွေးနွေးတွင် AAPP မှ ကိုဝဏ္ဏနွယ်မှ AAPP အကြောင်းနှင့် လှုပ်ရှားမှုများကို မိတ်ဆက်ပြောကြားခဲ့သည်။ ထို့နောက် အခြေခံလူ့အခွင့်အရေးများ၊ နိုင်ငံတကာဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး စာချုပ် (ICCPR)၊ နိုင်ငံတကာဆိုင်ရာ စီးပွားရေး၊ လူမှု ရေး၊ ယဉ်ကျေးမှု အခွင့်အရေးများ စာချုပ်(ICESCR) စာချုပ်များ အကြောင်း ဆွေးနွေးဟောပြောခဲ့ပါသည်။ ဟောပြောပွဲသို့လူငယ် ၁၀၀ နီးပါးတက်ရောက်ခဲ့ပြီး နိုင်ငံရေး အကျဉ်းသားဟောင်း ကိုအောင်ကြီးမှလည်းအားဖြည့်ကူညီခဲ့ပါသည်။

မေလ ၂၄ ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်အတွင်း ရှိ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းတွင် လူငယ်များအား ဟောပြော ပို့ချပေးခဲ့သည်။ AAPP ၏ ရန်ကုန်ရုံးတာဝန်ခံ ကိုအောင်မျိုးကျော်မှ ဦးစွာ မိတ်ဆက်စကားပြောကြားခဲ့ပြီး AAPP အဖွဲ့ဝင် ကိုဝဏ္ဏနွယ်နှင့် ဒေါ်နှင်းပန်းအိမ်တို့မှ အခြေခံ လူ့အခွင့်အရေးများနှင့် အထွေထွေဗဟုသုတများကို ဟောပြော ပို့ချပေးခဲ့သည်။ ထို့နောက် သင်တန်းကျောင်းရှိ လူငယ်များအား အချိုရည်နှင့် မုန့်များ လှူဒါန်း ခဲ့သည်။

မေလ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့ထိ ဟောပြောဆွေးနွေးပွဲပေါင်း ငါးပွဲကို မွန်ပြည်နယ်ရှိ ကျေးရွာ ငါးရွာတွင် ဟောပြောပို့ချပေးနိုင်ခဲ့ပါသည်။ ဟောပြောပွဲများကို AAPP ၏ ရန်ကုန်ရုံးတာဝန်ခံ ကိုအောင်မျိုးကျော်၊ AAPP အဖွဲ့ဝင် ကိုဝဏ္ဏနွယ်၊ ကိုကျော်ဦးတို့မှ အခြေခံလူ့အခွင့်အရေးများ၊ နိုင်ငံရေးနှင့် နိုင်ငံသား အခွင့်အရေးများ၊ ကလေးများကို လူကုန်ကူးခြင်း၊ လူ့အခွင့် အရေးချိုးဖောက်ခံရခြင်းများ စသည်တို့ကို ဟောပြော ပို့ချပေးခဲ့ပြီး သထုံမြို့နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဖူးငုံရတနာစာဖတ်အသင်း၊ နောင်ဘိုကျေးရွာ စာကြည့်တိုက်နှင့် ရွှေပြည်နာရေးကူညီမှုအသင်းတို့မှ ပူးပေါင်းပါဝင်ကူညီပေးခဲ့သည်။ ထိုဟော ပြောဆွေးနွေးပွဲများသို့ ကျေးရွာအုပ် ချုပ်ရေးမှူးများနှင့် ရွာသူ၊ ရွာသား များအပါအဝင် စုစုပေါင်း ၃၄၀ ဦး တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲများပြီးဆုံးပြီးနောက် တက်ရောက်သူများကြား လူ့အခွင့်အရေး ဆိုင်ရာ အသိပညာဗဟုသုတများ မြှင့်တင်ရန် ရည်ရွယ်၍ AAPPမှ အချက် ၃၀ ပါ အပြည် ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း လက်ကမ်းစာစောင်များ ဝေငှခဲ့သည်။




ကချင်ပြည်နယ်၊အင်းတော်ကြီးဒေသတွင် ကျင်းပပြုလုပ်သော အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုသင်တန်း

## အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုသင်တန်းပို့ချခြင်း

**ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လူ့အခွင့်အရေး၊ လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု သင်တန်းများပို့ချပေးခြင်း**

လူ့အခွင့်အရေး၊ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုသင်တန်းကို နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ လစဉ် ပို့ချပေးလျက်ရှိရာ မေလတွင်းတွင် ကချင်ပြည်နယ်၌ သင်တန်းတစ်ခုနှင့် ရှမ်းပြည်နယ်၌ သင်တန်းနှစ်ခု ပို့ချပေး နိုင်ခဲ့သည်။ ကချင်ပြည်နယ်တွင် ပို့ချခဲ့သော သင်တန်းကို အင်းတော်ကြီးဒေသတွင် မေလ ၃ ရက်နေ့မှ ၁၃ ရက်နေ့ထိလည်းကောင်း၊ ရှမ်းပြည်နယ်၌ ပို့ချသော သင်တန်းကို ကျိုင်းတုံမြို့နယ်တွင် မေလ ၇ ရက်နေ့မှ ၁၇ရက်နေ့ထိ၊ တာချီလိတ်မြို့နယ်တွင် မေလ ၁၉ ရက်နေ့မှ ၃၀ရက်နေ့ထိ လည်းကောင်း ကျင်းပပြုလုပ်ပေးနိုင်ခဲ့သည်။

ကချင်ပြည်နယ်၊ အင်းတော်ကြီးဒေသတွင် ကျင်းပခဲ့သော သင်တန်း၌ သင်တန်းနည်းပြများအဖြစ် လူ့အခွင့်အရေးသင်တန်းနည်းပြ မဖွန်ပန်းနှင့် လူ့အခွင့်အရေး၊ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုသင်တန်း နည်းပြ ကိုမိုးကျော်ဦးတို့မှ သင်တန်းပို့ချပေးခဲ့သည်။ ကျောင်းဆရာ၊ ဆရာမများ၊ လယ်သမားများ၊ ကျောင်းသားများ၊ လူငယ်များအပါအဝင် စုစုပေါင်း သင်တန်းသား ၄၃ ဦး သင်တန်း တက်ရောက်ခဲ့သည်။ သင်တန်းတက်ရောက်သူများမှာ ရှမ်းနှင့် ဗမာ တိုင်းရင်းသားများဖြစ်ကြသည်။

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်တွင်ကျင်းပခဲ့သော သင်တန်း၌ သင်တန်းနည်းပြများအဖြစ် လူ့အခွင့်အရေးသင်တန်း နည်းပြ ကိုနေဝန်း၊ လူ့အခွင့်အရေး၊ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုသင်တန်းနည်းပြ ကို စိုင်းမြင့်သူတို့မှ သင်တန်းပို့ချပေးခဲ့သည်။ ကချင်နှစ်ခြင်းအသင်းတော်၊ မိုင်းပြင်းကြက်ခြေနီအသင်း၊ လားဟူဖွံ့ဖြိုးရေးကွန်ရက်၊ OASIS လူငယ်၊ ကျိုင်းတုံလူငယ်စင်တာတို့မှ အဖွဲ့ဝင်များအပါဝင် စုစုပေါင်း သင်တန်းသား ၁၇ ဦး တက်ရောက်ခဲ့ကြသည်။ သင်တန်းတက်ရောက်သူများမှာ ဗမာ၊ လားဟူ၊ ကချင်၊ အာခါနှင့် ဝတိုင်းရင်းသားများဖြစ်ကြသည်။

ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်တွင် ကျင်းပခဲ့သော သင်တန်း၌ သင်တန်းနည်းပြများအဖြစ် ကိုနေဝန်း၊ ကိုစိုင်းမြင့်သူတို့မှ ဆောင်ရွက်ခဲ့သည်။ NLD အဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းဟောင်းများအသင်း၊ ဗမာတိုင်းရင်းသားအဖွဲ့၊ Aids Support Group (ASG)၊ အင်းသား လူမှုကူညီရေးအသင်းတို့မှ အဖွဲ့ဝင်များအပါဝင် စုစုပေါင်း သင်တန်းသား ၂၃ ဦး တက်ရောက်ခဲ့ကြသည်။ သင်တန်းတက်ရောက်သူများမှာ ဗမာ၊ လားဟူ၊ အင်းသားအာခါ၊ ဝ၊ ရှမ်း၊ ကရင်၊ ရှမ်း-အင်းသား တိုင်းရင်းသားများဖြစ်ကြသည်။

သင်တန်းပို့ချပေးခဲ့သော မြို့နယ်များ၌ လူ့အခွင့်အရေးချိုးဖောက်မှုများကို ရင်ဆိုင်နေကြရသည်။ ကချင်ပြည်နယ်၊ အင်းတော်ကြီးဒေသတွင်ရှိသောကျေးရွာများသည် လက်နက်ကိုင်များ၏ ခြိမ်းခြောက်မှုများ၊ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲခြင်း၊ ဒေသတွင်း တရားဥပဒေစိုးမိုးမှုနည်းပါးသောကြောင့် ရာဇဝတ်မှုများ မကြာခဏဖြစ်ပွားခြင်း စသည်တို့ကို ရင်ဆိုင်၊ ကြုံတွေ့နေရသည်။ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့၌ လူကုန်ကူးခြင်း၊ အတင်းအဓမ္မ ခိုင်းစေခြင်း၊ မတရားနိုင်စက်ညှဉ်းပန်းခြင်း၊ လယ်ယာမြေသိမ်းဆည်းခြင်း၊ လွတ်လပ်စွာ သွားလာခွင့်မရှိခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ လာဘ်ပေးလာဘ် ယူခြင်း၊ အကျင့်ပျက်ခြစားခြင်း၊ လွတ်လပ်သော တရားစီရင်မှုမရှိခြင်း၊ ကျောင်းနေရွယ်ကလေးများ ပညာသင်ခွင့် ဆုံးရှုံးခြင်း စသည့် လူ့ အခွင့်အရေးချိုးဖောက်မှုများကိုရင်ဆိုင်နေရသည်။

သင်တန်းပို့ချရခြင်း၏ ရည်ရွယ်ချက်သည် ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်ကြသူများကို အားပေးမြှင့်တင်ရန်နှင့် အသိပညာ များရရှိလာရန် ရည်ရွယ်၍ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းဖြစ်သည်။



အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှ တမှု (TJ ASIA Network project) သင်တန်းတွင် သင်တန်း တက်ရောက်သူများ

**မြစ်ကြီးနားမြို့တွင်ပြုလုပ်ခဲ့သော အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှ တမှု (TJ ASIA Network project) သင်တန်း**

TJ ASIA Network project အစီစဉ်၏ ပထမဆုံး အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု သင်တန်းကို နိုင်ငံရေးအကျဉ်းသားများ ကူညီ စောင့်ရှောက်ရေးအသင်း (AAPP) မှ မြစ်ကြီးနားမြို့တွင် မေလ ၁ ရက်နေ့မှ ၆ ရက်နေ့အထိ ပို့ချခဲ့ပြီး သင်တန်းနည်းပြများအဖြစ် ကိုဝဏ္ဏနွယ်နှင့် ကိုကျော်ဦးတို့မှ ဆောင်ရွက်ခဲ့သည်။ သင်တန်းသားများသည် မတရားဖမ်းဆီး ထိန်းသိမ်းထားခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ လယ်ယာမြေသိမ်းဆည်းခြင်းကဲ့သို့သော လူ့အခွင့်အရေးချိုးဖေါက်ခံရမှု အများဆုံးနေရာဒေသများမှဖြစ်သည့်အတွက် သင်တန်းတွင် ဆွေးနွေးမှုအားအလွန်ကောင်းပြီး သင်တန်းအပေါ် စိတ်အားထက်သန်မှုရှိသည်ကို တွေ့ရှိရသည်။ သင်တန်းကို KWAT, PTA, Htoi, KBC, KDNG, KSDP, Ramhkye အဖွဲ့အစည်းများမှ အဖွဲ့ဝင် ၂၂ ဦး တက်ရောက်ခဲ့သည်။

## စည်းရုံးလှုံ့ဆော်ခြင်းနှင့်တိုက်တွန်းခြင်း



လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်အခြေအနေအကဲဖြတ် အစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားတွင် ကိုဇော်မိုးမှ ပါဝင် ဆွေးနွေး

### လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်အခြေအနေအကဲဖြတ် အစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားသို့တက်ရောက်

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ မှတ်တမ်းပြုခြင်းနှင့် သုတေသနပြုလုပ်ခြင်းဌာန တာဝန်ခံ နှင့် နိုင်ငံခြားရေးရာဌာန လက်ထောက် တာဝန်ခံ ကိုဇော်မိုးသည် လွတ် လပ်စွာ ရေးသား၊ ထုတ်ဖော်ပြောဆိုခွင့် အခြေအနေ အကဲဖြတ် အစီရင်ခံစာ ထုတ်ပြန်ခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး NLD အစိုးရ၏ တနှစ်တာစွမ်းဆောင်မှုများနှင့် ပြည်သူလူထုများ၏ မျှော်လင့် ချက်များ အကြောင်းကို ပြောကြားခဲ့သည်။

### အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီနှင့်အအေအေပီပီဆွေးနွေး



AAPP တွဲဘက်အတွင်းရေးမှူးဦးဘိုကြည်၊ AAPP အဖွဲ့ဝင် ဦးအောင်မျိုးကျော်၊ကိုဇော်မိုးတို့ အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီနှင့် တွေ့ဆုံဆွေးနွေး

မေလ ၂၂ ရက်နေ့တွင် အမျိုးသားလွှတ်တော်ရေးရာဆောင်အမှတ် (I-16) ၌ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်း၊ အဖွဲ့ဝင်ဦးအောင်သိန်းတို့နှင့် နိုင်ငံရေးအကျဉ်းသား ကူညီစောင့်ရှောက်ရေးအသင်း(AAPP) မှ တွဲဘက်အတွင်းရေးမှူး ဦးဘိုကြည်၊ AAPP ရန်ကုန်ရုံး တာဝန်ခံ ဦအောင်မျိုးကျော်၊ မှတ်တမ်းပြုခြင်းနှင့် သုတေသနပြုလုပ်ခြင်းဌာန တာဝန်ခံနှင့် နိုင်ငံခြားရေးရာဌာန လက်ထောက် တာဝန်ခံ ဦးဇော်မိုးတို့ တွေ့ဆုံဆွေးနွေး ခဲ့ကြပြီး အကျဉ်းထောင်ဥပဒေပြင်ဆင်ရေးဆွေးနွေးခဲ့ကြပါသည်။

## စိတ်ဓာတ်ပြန်လည် မြှင့်တင်ရေးအစီအစဉ်



AAPP တွဲဘက်အတွင်းရေးဦးဘိုကြည်၊ MHAP မှ အဖွဲ့ဝင်များ နှင့် ဆွစ်-မြန်မာ ချစ်ကြည်ရေးအသင်းမှ Doctor Laurent Subilia တို့ AAPP ရုံး၌ ဆွေးနွေး

မေလတွင်းတွင် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ စိတ်ဓာတ်ပြည်လည်မြှင့်တင်ရေးအစီအစဉ်မှ အဖွဲ့ဝင်များသည် Population Services International (PSI) မှ ဖွင့်လှစ်ထားသော TOP Center နှင့် QC Clinic နေရာများသို့ CETA Counseling သင်တန်းပေးရန်အတွက် ကွင်းဆင်းသွားရောက်ခဲ့ကြသည်။

မေလတွင်းတွင် ဆွစ်-မြန်မာ ချစ်ကြည်ရေးအသင်း (Swiss-Burma Friendship Association) မှ Doctor Laurent Subilia သည် AAPP ရုံးသို့ လာရောက်လည်ပတ်ခဲ့ပြီး AAPP တွဲဘက်အတွင်းရေးမှူး ဦးဘိုကြည်၊ AAPP ၏ စိတ်ဓာတ်ပြည်လည်မြှင့်တင်ရေးအစီအစဉ်မှ တာဝန်ခံ ဦးကျော်စိုးဝင်း၊ သင်တန်းနည်းပြ မခင်ငြိမ်းချမ်းစိုး၊ ကိုထင်အောင်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး လုပ်ငန်းအတွေ့အကြုံများကို ဖလှယ်ခဲ့ကြသည်။ မေလ ၃၁ ရက်နေ့တွင် Doctor Laurent Subilia၊ ဦးကျော်စိုးဝင်း၊ မခင်ငြိမ်းချမ်းစိုး၊ ကိုထင်အောင်တို့နှင့် ရန်ကုန်မြို့မှ စိတ်ကျန်းမာရေးဆိုင်ရာ ပညာရှင်အချို့နှင့် တွေ့ဆုံခဲ့ကြပြီး မြန်မာပြည်တွင်းရှိ စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းများကို လေ့လာခဲ့သည်။

**ဆက်သွယ်မေးမြန်းရန်**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**
**တိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁၂ ၈၇၈ ၇၅၁**
**ဦးဘိုကြည် တွဲဘက်အတွင်းရေးမှူး +၆၆(၀) ၈၁၉ ၆၂၈ ၇၁၃**
**ဦးအောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၉၄၂ ၈၁၁ ၇၃၄၈**